ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
ရုံးအမိန့်

အမှတ်။ ၅၉ ။ ရက်စွဲ၊ ၁၃ -၅-၂၀၁၅

အကြောင်းအရာ။ အရည်အချင်းစစ်စာမေးပွဲကျင်းပရန်ကိစ္စ။

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀-၂-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၃/၂၀၁၅) အရ နိုင်ငံခြားတိုင်းပြည်များမှ အောက်ဖော်ပြပါ စာရင်းပညာဆိုင်ရာလက်မှတ် ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ် စာမေးပွဲ ကျင်းပမည်ဖြစ်ပါသည်-

(က) ACCA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ

(ခ) CIMA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ

၂။ အထက်အပိုဒ်ခွဲ (က)နှင့် (ခ) ပါ စာရင်းပညာဆိုင်ရာလက်မှတ်ရရှိထားသူများအပြင် ဖော်ပြပါ စာရင်းပညာဆိုင်ရာလက်မှတ်နှင့်အဆင့်တူသော နိုင်ငံခြားစာရင်းပညာဆိုင်ရာလက်မှတ် ရရှိထားသူ များလည်း လျှောက်ထားနိုင်ပါသည်။

၃။ အရည်အချင်းစစ်စာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|---|
| (က) | ၈-၇-၂၀၁၅ | ၁၀း၀၀ နာရီ | Commercial and Industrial Laws |
| (ခ) | ၉-၇-၂၀၁၅ | ၁၀း၀၀ နာရီ | Taxation |
| (ဂ) | ၁၀-၇-၂၀၁၅ | ၁၀း၀၀ နာရီ | Practical Auditing I & II |

၄။ Commercial and Industrial Laws နှင့် Taxation ဘာသာရပ်များကို မြန်မာဘာသာဖြင့် လည်းကောင်း၊ Practical Auditing I & II ဘာသာရပ်ကို English ဘာသာဖြင့်လည်းကောင်း ဖြေဆိုရပါမည်။ စာမေးပွဲသင်ရိုးညွှန်းတမ်းမှာ အထက်အပိုဒ်(၁) ပါရုံးအမိန့်တွင်ဖော်ပြထားသည့် အတိုင်းဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းဖြေဆိုရန်ဖြစ်ပါသည်။

၅။ သတ်မှတ်အရည်အချင်းပြည့်မီသော အရည်အချင်းစစ် စာမေးပွဲဖြေဆိုလိုသူများသည် အထက် အပိုဒ်(၂)ပါလိပ်စာတွင် လျှောက်လွှာကြေး ကျပ် ၁,၀၀၀၊ စာမေးပွဲကြေး ကျပ် ၅,၀၀၀ ပေးသွင်း၍ ၁၈- ၅-၂၀၁၅ နေ့မှ ၂၉-၅-၂၀၁၅ နေ့အတွင်း လျှောက်ထားနိုင်ပါသည်။

(signature)

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်စန်းဦး၊ အတွင်းရေးမှူး)

စာအမှတ်၊ မစက/ ၁၁၅ /( ၂၆၈ /၂၀၁၅) ရက်စွဲ၊ ၁၃-၅-၂၀၁၅

ဖြန့်ဝေခြင်း
ကြော်ငြာသင်ပုန်း

မိတ္တူ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
ရုံးလက်ခံ/ မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

# အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀-၂-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၃/၂၀၁၅) အရ နိုင်ငံခြားတိုင်းပြည်များမှ အောက်ဖော်ပြပါ စာရင်းပညာဆိုင်ရာလက်မှတ် ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ် စာမေးပွဲ ကျင်းပမည်ဖြစ်ပါသည်-

(က) ACCA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ

(ခ) CIMA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) တို့နှင့် အဆင့်တူသော နိုင်ငံခြားစာရင်းပညာဆိုင်ရာ လက်မှတ်ရရှိထားသူများ

၂။ အရည်အချင်းစစ်စာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|---|
| (က) | ၈-၇-၂၀၁၅ | ၁၀း၀၀ နာရီ | Commercial and Industrial Laws |
| (ခ) | ၉-၇-၂၀၁၅ | ၁၀း၀၀ နာရီ | Taxation |
| (ဂ) | ၁၀-၇-၂၀၁၅ | ၁၀း၀၀ နာရီ | Practical Auditing I & II |

၃။ Commercial and Industrial Laws နှင့် Taxation ဘာသာရပ်များကို မြန်မာဘာသာဖြင့် လည်းကောင်း၊ Practical Auditing I & II ဘာသာရပ်ကို English ဘာသာဖြင့်လည်းကောင်း ဖြေဆိုရပါမည်။ စာမေးပွဲသင်ရိုးညွှန်းတမ်းမှာ အထက်အပိုဒ်(၁) ပါရုံးအမိန့်တွင်ဖော်ပြထားသည့် အတိုင်းဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းဖြေဆိုရန်ဖြစ်ပါသည်။

၄။ သတ်မှတ်အရည်အချင်းပြည့်မီသော အရည်အချင်းစစ် စာမေးပွဲဖြေဆိုလိုသူများသည် အထက် အပိုဒ်(၂)ပါလိပ်စာတွင် လျှောက်လွှာကြေး ကျပ် ၁,၀၀၀၊ စာမေးပွဲကြေး ကျပ် ၅,၀၀၀ ပေးသွင်း၍ ၁၈-၅-၂၀၁၅ နေ့မှ ၂၉-၅-၂၀၁၅ နေ့အတွင်း လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံစာရင်းကောင်စီရုံး၏ ဖုန်းနံပါတ် ၀၁-၂၂၃၁၄၃ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ